# မြန်မာ

**မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ဘဏ္ဍာရေးနှစ်ကုန်တွင် လျင်မြန်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေပြီး ခန့်မှန်းထားသောကာလအတွင်း ပိုမိုအင်အားကောင်း ကျယ်ပြန့်လာစေရန် တွန်းအားဖြစ်စေမည်ဟု မျှော်လင့်ရသည်။ ငွေကြေးဖောင်းပွမှုသည်လည်း အရှိန်မြင့်တက်လာရန် အလားအလာရှိပြီး ဘဏ္ဍာရေးနှင့် နိုင်ငံခြားငွေစာရင်းများတွင် ဖိအားများလာနိုင်သည်။ အဓိက စိန်ခေါ်မှုမှာ တိုင်းပြည်၏ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ၊ အထူးသဖြင့် ခေတ်သစ် စီးပွားရေးတွင် ပါဝင်သော အခန်းကဏ္ဍများနှင့် လူငယ်များကို ပိုမိုလိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပေးရန်တို့ဖြစ်သည်။**

## စီးပွားရေး ဆိုင်ရာ စွမ်းဆောင်မှု

၂၀၁၄ ဘဏ္ဍာရေးနှစ် (၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်တွင် အဆုံးသတ်သည်) တွင် GDP တိုးတက်မှုမှာ ၇.၇% ရှိမည်ဟု ခန့်မှန်းသည်။ ယင်းသည် ဆောက်လုပ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု ကဏ္ဍများ အားကောင်း ကျယ်ပြန့်လာခြင်းကို ထင်ဟပ်သည်။ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ကြီးမားသော ဖွဲ့စည်းတည်ဆောက်ပုံ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီအစဉ်သည် မကြာသေးသော နှစ်အနည်းငယ်ခန့်အတွင်း အားကောင်းသော ဖွံ့ဖြိုးမှုကို ပံ့ပိုးမှုများစွာ ဖြစ်စေခဲ့သည်။

အစိုးရ၏ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများ၊ မန္တလေး နှင့် ရန်ကုန်တွင် အိမ်ယာစီမံကိန်းဖော်ထုတ်မှုများက ဆောက်လုပ်ရေး လုပ်ငန်းများကို တွန်းအားပေး မောင်းနှင်သည်။ တိုးတက် ဝင်ရောက်လာသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို အကျိုးကျေးဇူးဖြစ်ထွန်းစေသည်။ ၂၀၁၄ ခုနှစ်တွင် ပျမ်းမျှအားဖြင့် ရက်သတ္တပတ်တစ်ပတ်လျင် အထည်ချုပ်စက်ရုံ တစ်ရုံနှင့် အထက် အသစ်ဖွင့်လှစ်နိုင်ခဲ့သည်။ ခရီးသွားဧည့်သည်များရောက်ရှိမှုမှာ ၂၀၁၃ ခုနှစ်တွင် ၂ သန်း ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ခန့်မှန်းခြေ ၃.၁ သန်း သို့တိုးတက်ခဲ့ပြီး ယင်းသည် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုကို ဖြစ်စေခဲ့သည်။ (ပုံ ၃.၂၇.၁)

3.27.1 Tourism




*Note:* Years are fiscal years ending 31 March of the following calendar year. Tourist arrivals include border tourism.
*Source:* Ministry of Hotels and Tourism.

သဘာဝဓါတ်ငွေ့လုပ်ငန်းသည်လည်း ဆက်လက်ကျယ်ပြန့်လျက် ရှိသည်။ နိုင်ငံခြားသို့ ဓါတ်ငွေ့တင်ပို့မှုတန်ဖိုး ဒေါ်လာ သန်း ၄၀၀ တိုးလာပြီး ၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်တွင်တင်ပို့မှုတန်ဖိုး ဒေါ်လာ ၂.၁ ဘီလီယံ သို့ရောက်ရှိခဲ့သည်။ သို့သော်လည်း စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုမှာ နှေးကွေးခဲ့သည်။ GDP ၏ ၃၀% ကျော်နှင့် စုစုပေါင်း အလုပ်အကိုင်၏ ၆၀% ကျော်သည် စိုက်ပျိုးရေးကဏ္ဍမှ ဖြစ်သည်။

3.27.2 Domestic business registration




*Note:* Years are fiscal years ending 31 March of the following calendar year. Data in FY 2014 covers the first 9 months from April-December 2014.
*Source:* Directorate of Investment and Company Administration.

၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ပထမ ၉ လအတွင်း စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်မှု ၁၀% တိုးတက်လာခြင်းသည် စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှု ခိုင်မာလျက်ရှိကြောင်းကို ဖော်ပြရည်ညွှန်းသည်။ ကုမ္ပဏီ တစ်ခု မှတ်ပုံတင်ရန်ကြာမြင့်ချိန်ကို ၇၂ ရက်မှ ၃ ရက်သို့ လျှော့ချရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် လုပ်ထုံးလုပ်နည်းများကို မြန်ဆန်သွက်လက်အောင်ပြင်ဆင်ခဲ့သည်။ ပုဂ္ဂလိက ကဏ္ဍသို့

ဈေးငွေများသည်လည်း လျင်မြန်စွာ ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ယမန်နှစ်နှင့် နှိုင်းယှဉ်မှုအရ ၃၆% ရှိသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုမှုသည် ၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်း ဒေါ်လာ ၆.၆ ဘီလီယံ ရှိပြီး ၂၀၁၃ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးတွင် ဒေါ်လာ ၄ ဘီလီယံသာရှိရာမှ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုများ၏ သုံးပုံတစ်ပုံခန့်ကို ဆွဲဆောင်ခဲ့ပြီး ယင်းနောက်တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ (၂၄%)၊ အိမ်ခြံမြေကဏ္ဍ (၁၈%)၊ ဟိုတယ် (၁၃%) နှင့် ကုန်ပစ္စည်းထုတ်လုပ်မှု - ပင်မအားဖြင့် အထည်ချုပ်လုပ်ငန်းများ (၈%) တို့ဖြစ်ကြသည်။ စိုက်ပျိုးရေးကဏ္ဍသို့ ရင်းနှီးမြှုပ်နှံမှုမှာ ၁% အောက်တွင်သာ ရှိသည်။

၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်ပိုင်းတွင် ငွေကြေးဖောင်းပွမှု အရှိန်မြင့်လာခဲ့သည်။ မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းခြင်းကြောင့် စားသောက်ကုန် ဈေးနှုန်းများမြင့်တက်လာခြင်း၊ ပြည်ပသွင်းကုန်များ ဈေးမြင့်တက်လာခြင်းတို့ ဖြစ်လာခဲ့သည်။ ၂၀၁၄ ဘဏ္ဍာရေးနှစ်ဦး တွင် အမေရိကန်တစ်ဒေါ်လာလျင် မြန်မာကျပ်ငွေ ၉၆၅ ကျပ် ဖြစ်ခဲ့ရာမှ နှစ်ကုန်ပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျင် မြန်မာကျပ်ငွေ ၁၀၄၂ ကျပ်ဖြစ်လာခဲ့သည်။ ယင်းသည် အမေရိကန်ငွေတန်ဖိုး ခိုင်မာလာခြင်း နှင့် စာရင်းရှင်လိုငွေပိုမိုများပြားလာခြင်း၏ အကျိုးဆက်များ ဖြစ်သည်။ ငွေကြေးဖောင်းပွမှုသည် ပျမ်းမျှအားဖြင့် ၅.၉ % ခန့် ရှိသည်။

**3.27.1 Selected economic indicators (%)**

| | 2015 | 2016 |
|---|---|---|
| GDP growth | 8.3 | 8.2 |
| Inflation | 8.4 | 6.6 |
| Current account balance (share of GDP) | -6.8 | -5.0 |

*Source:* ADB estimates.

ပစ္စည်းကိရိယာ အရင်းအနှီးများအတွက် ဝယ်လိုအားမြင့်မားလာမှု၊ သွင်းကုန်နှင့် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ ထိန်းချုပ်ကန့်သတ်ချက်များ လွတ်လပ်လာခြင်းတို့သည် ပို့ကုန်ပစ္စည်းထက် သွင်းကုန်ပစ္စည်းများ ပိုမိုများပြားလာခြင်းကို တွန်းအားပေးသည်။ တချိန်တည်းမှာပင် စာရင်းရှင်လိုငွေကို ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခန့်မှန်းခြေအားဖြင့် GDP ၏ ၇.၁ % သို့ ရောက်ရှိလာစေသည်။ တရားဝင်အရန်ငွေကြေးများသည် ယခုဘဏ္ဍာရေး နှစ်ကုန်တွင် စုစုပေါင်း ဒေါ်လာ ၄.၈ ဘီလီယံ သို့ရောက်ရှိပြီး ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် သွင်းကုန်များ၏ ၃ လစာ တန်ဖိုး ရှိခဲ့ရာမှ ယခုအခါ ၂.၇ လစာ သွင်းကုန်တန်ဖိုးများနှင့် ညီမျှသည်။

၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အစိုးရသည် သုံးစွဲငွေများကို တိုးမြှင့်ခဲ့သည်။ တယ်လီဖုန်းဆက်သွယ်ရေးလိုင်စင်များ ရောင်းချခြင်းမှ ရရှိသော ဝင်ငွေများမှာ ၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ကျဆင်းလာခဲ့ပြီး ဘဏ္ဍာရေးလိုငွေကို ခန့်မှန်းခြေအားဖြင့် GDP ၏ ၄.၃% သို့ရောက်ရှိစေခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန္နဝါရီလတွင် စတင်ခဲ့သော ငွေတိုက်စာချုပ်များ လေလံတင်ရောင်းချခြင်းသည် လိုငွေများကို ဖြည့်တင်းရန်နှင့် မြန်မာနိုင်ငံ ဗဟိုဘဏ်အနေဖြင့် လွတ်လပ်သော ငွေကြေးမူဝါဒကို ဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်ကို ကြံ့ခိုင်စေရာတွင် ရွေးချယ်စရာများကို ပိုမိုများပြားလာစေသည်။

ပြင်ပကြွေးမြီများသည် GDP ၏ အချိုးအားဖြင့် ၁၇.၆ % သို့ အနည်းငယ်ကျဆင်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့သော ကြွေးမြီ ထိန်းသိမ်းနိုင်မှု ဆန်းစစ် လေ့လာချက်အရ မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ပဲရစ်ကလပ် မြီရှင်များနှင့် ကြွေးမြီဟောင်းများ ရှင်းလင်းပြီးနောက် ပြင်ပကြွေးမြီ ဖိစီးမှုတွင် ဆုံးရှုံးနိုင်ခြေနည်းပါးသော အနေအထားတွင်ရှိသည်။

## စီးပွားရေး အလားအလာများ

၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်သုံးသပ်ပြီးနောက် ဖွံ့ဖြိုးမှုသည် ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၈.၃% သို့ အရှိန်မြင့်တက်လာမည်ဟု ခန့်မှန်းသည်။ ဖွဲ့စည်းတည်ဆောက်ပုံပြုပြင်ခြင်း၊ တိုးတက်ကောင်းမွန်လာသော

စီးပွားရေးပတ်ဝန်းကျင် နှင့် ဒေသခွဲအတွင်းသို့ မြန်မာနိုင်ငံအနေဖြင့် ဖြေးညင်းစွာ ပေါင်းစပ်ပါဝင်လာခြင်း တို့ကြောင့် ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ယင်းဖွံ့ဖြိုးမှုအရှိန်အဟုန်နှင့် နီးကပ်စွာ ဆက်လက်ရှိနေပါလိမ့်မည်။

3.27.3 GDP growth




*Note:* Years are fiscal years ending 31 March of the following calendar year.
*Sources:* International Monetary Fund; ADB estimates.

အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် အလားအလာ ကောင်းများရှိနေခြင်း - အဝေးတွင်ရှိသော အဓိကစက်မှုစီးပွားရေးနိုင်ငံများ - တို့သည် မြန်မာနိုင်ငံ၏ အလားအလာကို ပံ့ပိုးပေးနေသော်လည်း တရုတ်နိုင်ငံ၏ စီးပွားရေး နှေးကွေးလာခြင်းက တစ်စိတ်တစ်ပိုင်း ပြန်လည်ခြေဖျက်နေသည်။

၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးမူဝါဒသည် စီးပွားရေးတိုးတက်လာစေရန် ထပ်ဆင့် လှုံ့ဆော်မှုများဖြစ်လာစေမည်ဟု မျှော်လင့်ရသည်။ အစိုးရသုံးစွဲငွေမြင့်တက်လာခြင်း နှင့် အစိုးရဝန်ထမ်းများ၏ လစာများတိုးမြင့်လာနိုင်ခြေရှိခြင်းသည် ဘဏ္ဍာရေးလိုငွေကွာဟမှုကို GDP ၏ ၆.၃% သို့ ရောက်ရှိလာစေနိုင်သည်။ ဤကိစ္စသည် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ငွေကြေးမူဝါဒဆိုင်ရာ လုပ်ဆောင်နိုင်ဖွယ်များ အကန့်အသတ်ဖြင့်သာ ရှိစဉ်တွင် မက်ခရိုစီးပွားရေး တည်ငြိမ်မှုအတွက် အနာဂတ်ကိုထည့်သွင်းစဉ်းစားပြီး ဂရုတစိုက် ဆောင်ရွက်သော ဘဏ္ဍာရေး ဆိုင်ရာ မူဝါဒများသည် အလွန်အရေးပါသောကြောင့်ဖြစ်သည်။ ၂၀၁၅ ခုနှစ် စတုတ္ထ သုံးလပတ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများမတိုင်မီတွင် ဘဏ္ဍာရေး ဆိုင်ရာ စည်းမျဉ်းများကို ထိန်းသိမ်းဆောင်ရွက်ရန်မှာ စိန်ခေါ်မှု တစ်ခုဖြစ်နိုင်သည်။

3.27.4 Inflation




*Note:* Years are fiscal years ending 31 March of the following calendar year.
*Sources:* International Monetary Fund; ADB estimates.

ဘဏ္ဍာရေးဆိုင်ရာသုံးငွေများ မြင့်မားလာခြင်းနှင့်အတူ မြင့်မားလာမည်ဟု မျှော်လင့်ရသော လုပ်ခလစာများသည် ပြည်တွင်း ဝယ်လိုအားကို တိုးလာစေပြီး ယင်းငွေကြေးဖောင်းပွမှုများသည် ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်နိမ့်ပါးမသွားမီ ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၈.၄% သို့ အရှိန်အဟုန် မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

ကမ္ဘာ့ရေနံဈေးကျဆင်းမှုသည် ထုတ်ကုန် သွင်းကုန်တန်ဖိုး ကွာဟချက်၏ ရိုက်ခတ်မှုများကို တန်ပြန်သက်ရောက်မှု ရှိမည်ဖြစ်သော်လည်း အားကောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် သွင်းကုန်ပမာဏကို တိုးတက်မြင့်မားလာစေမည်။ စာရင်းရှင်လိုငွေသည် ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် GDP ၏ ၆.၈% သို့ အနည်းငယ်လျော့နည်းကျဆင်းသွားမည်။ နောက်ဆုံးတွင် ရေနံဈေးကျဆင်းမှုသည် သဘာဝဓါတ်ငွေ့ ဈေးနှုန်းကိုလည်း ဆွဲချသွားနိုင်ပြီး နိုင်ငံခြားပို့ကုန် ရငွေများ နှင့် အစိုးရအခွန်ဝင်ငွေများကို လျော့နည်းသွားစေနိုင်သည်။ ဤသို့ ဘဏ္ဍာရေးနှင့် နိုင်ငံခြားငွေစာရင်းများ၏ ထိခိုက်လွယ်မှုသည် တရားဝင်အရန်ငွေကြေးများကို ပိုမိုစိတ်ချရသော အဆင့်သို့ ရောက်အောင် တည်ဆောက်ရန် လိုအပ်ချက်ကို ပိုမိုအားကောင်းလာစေသည်။

၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြင်ပကြွေးမြီများသည် ဒေါ်လာ ၁၂.၅ ဘီလီယံ (သို့မဟုတ်) GDP ၏ ၁၈% သို့ မြင့်တက်လာမည်ဟု မျှော်လင့်ရသည်။ ပျော့ပြောင်းသောစည်းကမ်းဖြင့် ငွေကြေးထောက်ပံ့မှုများ သိသိသာသာ ရရှိနိုင်သဖြင့် မြန်မာနိုင်ငံ၏ ကြွေးမြီဖိစီးမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေမှာ နည်းပါးလျက်သာရှိမည်ဟု ခန့်မှန်းသည်။ ထို့အပြင် အများပြည်သူဆိုင်ရာ ကြွေးမြီဥပဒေအသစ် နှင့် ကြွေးမြီစီမံခန့်ခွဲမှုရုံးတို့သည် ပြည်ပနှင့် ပြည်တွင်း ကြွေးမြီစီမံခန့်ခွဲမှုကို အားကောင်းလာစေလိမ့်မည်။

သိသာထင်ရှားသော စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ပြီး ၄နှစ်ကြာပြီးနောက် ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများစွာ ကျန်ရှိနေဆဲဖြစ်သည်။ ယင်းတို့မှာ အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အုပ်ချုပ်မှု နှင့် အများပြည်သူဆိုင်ရာကဏ္ဍ စွမ်းဆောင်မှု အားကောင်းစေခြင်း၊ လူသားအရင်းအနှီး ဖွံ့ဖြိုးမှု၊ သက်ဝင်လှုပ်ရှားသော ပုဂ္ဂလိကကဏ္ဍ တည်ဆောက်ခြင်း နှင့် စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ရှင်သန်အားကောင်း လာစေခြင်း တို့ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းသည် မဖြစ်မနေ လုပ်ဆောင်ရမည့် အရာဖြစ်သည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်သည် လူဦးရေအားလုံး၏ ၂၆% ဆင်းရဲနွမ်းပါးမှုမျဉ်းကြောင်းအောက်တွင် ရှိနေသော မြန်မာနိုင်ငံကို လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းအရ နိုင်ငံပေါင်း ၁၈၇ နိုင်ငံတွင် နံပါတ် ၁၅၀ အဖြစ် ယမန်နှစ်က သတ်မှတ်သည်။

3.27.5 Current account balance




*Note:* Years are fiscal years ending 31 March of the following calendar year.
*Sources:* International Monetary Fund; ADB estimates.

စီးပွားရေး အလားအလာအား ထိခိုက်နိုင်ခြေသည် ပြင်ပနှင့် ဘဏ္ဍာရေးဆိုင်ရာ အခုအခံ ပါးလွှာခြင်း၊ တိုင်းရင်းသားလူမျိုးစု နှင့် အုပ်စုကွဲများအကြားတင်းမာမှုများ၊ ဆိုးရွားသော ရာသီဥတုကြောင့် ထိခိုက်နိုင်မှု၊ ရွေးကောက်ပွဲမတိုင်မီ ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန် အားပျော့သွားနိုင်သော အလားအလာများစသည်တို့တွင် အရင်းခံသည်။ မူဝါဒဖန်တီးခြင်း နှင့် စီမံကိန်းရေးဆွဲခြင်းများကို ပံ့ပိုးရာတွင် အလွန်အမင်းလိုအပ်လျက်ရှိသော စီးပွားရေးဆိုင်ရာ အချက်အလက်များ တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရာတွင် ၂၀၁၄ ခုနှစ်အတွင်း တိုးတက်မှုများ ရရှိဖြစ်ထွန်းခဲ့သည်။

## မူဝါဒဆိုင်ရာ စိန်ခေါ်မှုများ- ခေတ်သစ်စီးပွားရေးအတွက် လူငယ်များကို ပြင်ဆင်ပေးခြင်း

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်အတွင်း ဝင်ရောက်လာသော လူငယ်များစွာတို့သည် ပညာအရည်အချင်း နှင့် ကျွမ်းကျင်မှု နိမ့်ပါးလျက်ရှိသည်။ ယင်းအခြေအနေသည် အားလုံးပါဝင်နိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် အားထုတ်လုပ်ဆောင်ခြင်းကို ထိခိုက်စေပြီး စီးပွားရေးအခြေအနေကို ထပ်တိုးတန်ဖိုး ဖန်တီးနိုင်ခြင်းမရှိဘဲ သဘာဝသယံဇာတ အရင်းအမြစ်များကိုသာ အလွန်အမင်းမှီခိုသုံးစွဲသော အနေအထားတွင် ထောင်ချောက်မိနေစေရန် ခြိမ်းခြောက်နေသည်။

လုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကြီးမားသော အတားအဆီးတစ်ခုအဖြစ် လူသားအရင်းအမြစ်မလုံလောက်မှုကို ညွှန်ပြပြောဆိုကြသည်။ ပညာရေးအရည်အသွေး နိမ့်ပါးမှု နှင့် ဆီလျော်မှု နည်းပါးခြင်း၊ ပျမ်းမျှအားဖြင့် ပညာရေးဆိုင်ရာ ပြီးမြောက်အောင်မြင်မှုနိမ့်ကျခြင်း တို့သည် လူငယ်လုပ်သားများကို အခြေခံဗဟုသုတ၊ ပြဿနာဖြေရှင်းမှုအတွက် ကျွမ်းကျင်မှု၊ အဖွဲ့လိုက် လုပ်ဆောင်တတ်မှုများ ကင်းမဲ့နေစေပြီး လုပ်ငန်းခွင်အတွက် (သို့မဟုတ်) ထပ်ဆင့်သင်တန်းများအတွက် အဆင်သင့်ဖြစ်မှုအားနည်းနေစေသည်။

အထက်တန်းပညာရေး အောင်မြင်သူများ၏ အဆင့်အတန်းကို ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်းသည် စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို ကျယ်ပြန့် ခေတ်မီလာစေရန် လုပ်ဆောင်ရာတွင် ကနဦး လိုအပ်ချက်တစ်ခုဖြစ်သည်။ ပိုမိုကောင်းမွန်သော နည်းပညာဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်သင်ကြားမှုများ (TVET) သည် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများကို ပံ့ပိုး ဖော်ဆောင်ပေးခြင်းဖြင့် ဖြည့်စွက်သော အခန်းကဏ္ဍကို ဆောင်ရွက်ရန် လိုအပ်သည်။ သို့သော် ၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အသက် ၁၈ နှစ်မှ ၂၇ နှစ်အတွင်း ရှိပြီး ပုံမှန် အလုပ်အကိုင်များရှိသော အမျိုးသား ၅၇% နှင့် အမျိုးသမီး ၃၉ %

တို့သည် အထက်တန်းပညာရေးသင်ကြားနေစဉ် (သို့မဟုတ်) ပြီးပြီးချင်း ပညာရေးကို စွန့်ခွာသွားကြပြီး ၂% အောက်သာလျှင် အထက်တန်းပညာရေးအလွန် TVET ကို တက်ရောက်အဆုံးသတ်နိုင်ကြသည်။

### 3.27.6 Grade progression and exit from schooling




*Note:* "Pass" refers to grade 11 students who successfully pass the matriculation exam.

*Source:* ADB staff estimates using Myanmar Education Management Information System data for school years 2002/03 – 2012/13, and adjusting grade 1 enrolment for underreported repetition.

ကျောင်းအပ်စာရင်းကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်များအရ အထက်တန်း ပညာရေးသည် ဖြတ်သန်းရန် ခက်ခဲသော အဆင့်ဖြစ်ကြောင်းတွေ့ရသည်။ ၂၀၀၂ ခုနှစ်တွင် သူငယ်တန်းအတွက် ကျောင်းအပ်ခဲ့ကြသော ခန့်မှန်းခြေ ၁.၁ သန်းသော ကျောင်းသား၊ ကျောင်းသူများအနက်မှ ငါးပုံ လေးပုံခန့်သည် ၅ နှစ်အကြာတွင် မူလတန်းပညာရေးကို အောင်မြင်စွာ ပြီးဆုံးခဲ့သော်လည်း ဆယ်ပုံတစ်ပုံခန့်သာလျှင် ၂၀၁၃ ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို အောင်မြင်ပြီး အထက်တန်းပညာရေးပြီးဆုံးခဲ့သည်။ အခြေခံပညာ အထက်တန်းအဆင့်တွင် အောင်ချက်နည်းခြင်းသည် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပညာရေးကို ဝင်ရောက်သင်ကြားနိုင်ရန် အဓိက အကန့်အသတ်အတားအဆီးတစ်ခု အဖြစ်ရှိနေပါသည်။ ထို့အပြင် လူငယ်များ၏ ထက်ဝက်ခန့် နှင့် နွမ်းပါးသူများ၏ သုံးပုံနှစ်ပုံခန့်တို့သည် အလယ်တန်းပညာရေးကိုပင် ပြီးစီးအောင် သင်ကြားနိုင်ခြင်းမရှိကြဘဲ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးကို လက်လှမ်းမမီ ဖြစ်ကြရသည်။ ထို့ကြောင့် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေး အလားအလာများမှာလည်း မှေးမှိန်နေသည်ကို ရင်ဆိုင်တွေ့ကြုံ နေကြရသည်။

ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရန်၊ အစိုးရသည် အမျိုးသား ပညာရေးကဏ္ဍ အစီအစဉ် ၂၀၁၆-၂၀၂၀ ကို ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ ယင်းအစီအစဉ်သည် အခြေခံပညာ အထက်တန်း သင်ရိုးညွှန်းတမ်းကို တိုးတက်ကောင်းမွန်စေပြီး လုပ်ငန်းခွင် လိုအပ်ချက်များနှင့်ကိုက်ညီစေခြင်း၊ အခြေခံပညာအထက်တန်း ပြီးစီး အောင်မြင်မှုနှုန်း မြင့်မားစေခြင်း၊ အထက်တန်းပညာရေးနှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းမှု ပညာရေးကို ချိတ်ဆက်ပေးသောလမ်းကြောင်းများ ဖော်ဆောင်ပေးခြင်း၊ အထူးသဖြင့် အခွင့်အလမ်းနည်းပါးသော လူငယ်များနှင့် ကျွမ်းကျင်မှုမရှိသောလုပ်သားများအတွက် ဈေးကွက်လိုအပ်ချက်ကို တုန့်ပြန်သော နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းမှုပညာရေး အသွင်သဏ္ဌာန်သစ်ကို ပိုမို လက်လှမ်းမီစေခြင်း တို့ကိုဖြစ်စေမည်ဟု မျှော်လင့်ပါသည်။

ပိုမိုကျယ်ပြန့်စွာဖြင့်ပြောဆိုရလျှင် အစိုးရသည် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ကာလတာရှည်စွာ နည်းပါးခဲ့ခြင်းကို စတင်ဖြေရှင်းကိုင်တွယ်လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်တွင် ပညာရေးအတွက် အစိုးရ ရင်းနှီးမြှုပ်နှံမှုမှာ GDP ၏ ၀.၈% သာရှိပြီး အာရှစံနှုန်းအောက် များစွာနိမ့်ကျခဲ့သည်။ ၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ အစိုးရသည် ပညာရေးဆိုင်ရာ သုံးစွဲငွေကို သုံးဆကျော်တိုးမြှင့်ခဲ့သော်လည်း ယင်းသည် GDP ၏ ၂% ခန့်သို့သာ ရောက်ရှိနေခဲ့သည်။ အရေးပါသောအချက်အနေဖြင့် ပညာရေးဆိုင်ရာ အစီအစဉ်သည် ငွေကြေးထောက်ပံ့မှုများ ထပ်မံတိုးတက်လာစေရန် သက်သေပြမည့် လမ်းပြမြေပုံကို ဖြစ်ပေါ်စေပါလိမ့်မည်။